# အာဟာရဖွံ့ဖြိုးတိုးတက်ရေးအတွက် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် ၂နှစ်အောက်ကလေးသူငယ်များအား ငွေကြေးအထောက်အပံ့ပေးရေး အစီအစဉ် တိုးချဲ့ခြင်းစီမံကိန်း

## ဧရာဝတီတိုင်းဒေသကြီး နှင့် ရှမ်းပြည်နယ် အတွင်း ရပ်ရွာလူထုပါဝင်မှုအစီအစဉ်မူဘောင်များ

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

## နိဒါန်း

- ကမ္ဘာ့ဘဏ်မှ ရန်ပုံငွေဖြင့် ဆောင်ရွက်မည့် စီမံကိန်းများအား အကောင်အထည်ဖော်ရာ၌ လူမှုရေးဆိုင်ရာဆန်းစစ်ချက် နှင့် ရပ်ရွာပါဝင်ဆောင်ရွက်မှုအစီအစဉ်တို့ ပြုလုပ်ရန် လိုအပ်ပါသည်။
    - လူမှုရေးဆိုင်ရာဆန်းစစ်ချက် ပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်မှာ ချို့တဲ့နွမ်းပါးသူများနှင့် ထိခိုက်လွယ်သောအခြေအနေတွင် ရှိသူများအတွက် အကျိုးခံစားခွင့်များအား မြှင့်တင်ရန်အပါအဝင် စီမံကိန်းနှင့်ဆက်စပ်ပတ်သက်နေသူများ၏ စိုးရိမ်မှုများအား ပိုမိုတုံ့ပြန်ဖြေရှင်းနိုင်စွမ်းရှိသည့် စီမံကိန်းတစ်ခုဖြစ်စေရန် ဖြစ်ပါသည်။
    - ရပ်ရွာပါဝင်ဆောင်ရွက်မှုအစီအစဉ်သည် စီမံကိန်းကြောင့် သက်ရောက်မှုတစ်စုံတစ်ရာရှိသောသူများအား ကာလံဒေသံနှင့်ကိုက်ညီဆီလျော်သော အကျိုးခံစားခွင့်များကို ရရှိစေနိုင်ရေး နှင့် ရောက်ရှိရန် ခက်ခဲသောသူများထံသို့ပါ စီမံကိန်းလွှမ်းခြုံနိုင်စေရန် အစီအမံများရေးဆွဲနိုင်ရေး တို့အတွက် ဖြစ်ပါသည်။
- လူမှုရေးဆိုင်ရာ ဆန်းစစ်ချက်နှင့် ရပ်ရွာပါဝင်ဆောင်ရွက်မှုအစီအစဉ်များ ပြုလုပ်ပြီးနောက် တွေ့ရှိချက်များနှင့် အစီအမံများအပေါ် တိုင်ပင်ဆွေးနွေးနိုင်ရန်နှင့် ပတ်သက်ဆက်စပ်သူများ၏ အမြင်ယူဆချက်များအား မေးမြန်းနိုင်ရန်အတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ တွေ့ဆုံညှိနှိုင်းပွဲများ စီစဉ်ဆောင်ရွက်မည် ဖြစ်ပါသည်။

## လူမှုရေးရာ ဆန်းစစ်ချက်ဆောင်ရွက်သည့် လုပ်ငန်းစဉ်အကျဉ်းချုပ် ပေါင်းစပ်နည်းလမ်းဖြင့်ဆောင်ရွက်ထားသော လေ့လာမှု

- တည်ဆဲအရေအတွက်ဆိုင်ရာ အချက်အလက်များ နှင့် တွေ့ဆုံမေးမြန်းမှုများ မှတစ်ဆင့် ကျယ်ကျယ် ပြန့်ပြန့် ကောက်ယူထားသော အရည်အသွေးဆိုင်ရာ အချက်အလက်များ
- ဦးတည်အုပ်စုများဖြင့် ဆွေးနွေးခြင်းများ
- ပုံမှန်နှင့် အလွတ်သဘော တိုင်ပင်ဆွေးနွေးမှုများနှင့်
- အစီရင်ခံစာများ၊ မြန်မာနိုင်ငံနှင့် နိုင်ငံတကာမှ လက်ရှိအသုံးပြုလျက်ရှိသော ငွေကြေး အထောက်အပံ့ ပေးသည့် အစီအစဉ်အကောင်အထည်ဖော်မှု လက်စွဲစာအုပ်များအပေါ် သုံးသပ်ချက်များ

## ကန့်သတ်ချက်များ

- နယ်မြေကြီးမားကျယ်ပြန့်ပြီး ကွဲပြားခြားနားမှုများပြားသော ရေဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ် တို့တွင် အကောင်အထည်ဖော်ရန် အဆိုပြုထားသည့် စီမံကိန်းနှင့်ဆက်နွယ်၍ လေ့လာဆန်းစစ်ရန် အကြောင်းအရာ များပြားခြင်းနှင့် လူမှုရေးဆိုင်ရာအကြောင်းအရာများ ကျယ်ပြန့်လွန်းခြင်း၊
- စစ်တမ်းကောက်ယူမေးမြန်းသည့် နမူနာ နည်းပါးလွန်းခြင်း။ ကိုယ်စားပြုနိုင်မှုသည် တွေ့ရှိ ချက်များအတွက် အရေးကြီးပါသည်။ မြို့နယ်နှင့် ကျေးရွာများရွေးချယ်မှုသည် ဆက်စပ် ပတ်သက်သူ အားလုံးအား ကိုယ်စားပြု နိုင်လိမ့်မည် မဟုတ်ပါ။
- ကျေးရွာများ ကနဦးရွေးချယ်မှုကို သက်ဆိုင်ရာ တိုင်းဒေသကြီးနှင့် ပြည်နယ်လူမှုဝန်ထမ်း ဦးစီးဌာနများ က ဦးဆောင်ဆောင်ရွက်ခဲ့ပြီး သွားရောက်ရလွယ်ကူသော ကျေးရွာများအား ရွေးချယ်ခဲ့ပါသည်။ တချို့သောဖြစ်ရပ်များ၌ မြို့နယ်များသို့ ရောက်ရှိပြီးနောက် ပိုမိုဝေးလံ သောကျေးရွာများသို့ သွားရောက်နိုင်ရေးအတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ခရီးစဉ်အစီအစဉ်အား ပြင်ဆင်ခွင့် ပြုခဲ့ပါသည်။
- ရေဝတီတိုင်းဒေသကြီး၌ ရွေးချယ်ခဲ့သော ကျေးရွာအများစုသည် ဗမာကျေးရွာများ ဖြစ်ကြပါသည်။
- ပဋိပက္ခဖြစ်ပွားမှုကြောင့် ထိခိုက်ခံစားနေရသည့် ဒေသများသို့ သွားရောက်နိုင်ခဲ့ခြင်းမရှိပါ။

## တွေ့ဆုံမေးမြန်းခဲ့မှုများ

| တွေ့ဆုံမေးမြန်းမှု | ဆန်းစစ်မှုဆောင်ရွက်သည့် နေရာများနှင့် ပါဝင်ဖြေကြားသူများ | တွေ့ဆုံမေးမြန်းမှုများ |
|---|---|---|
| **တစ်စိတ်တစ်ဒေသ ပုံစံပြုထားသော တွေ့ဆုံမေးမြန်းမှုများ** | ရောဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်ရှိ မြို့နယ်အဆင့် နှင့် တိုင်းဒေသကြီး/ပြည်နယ်အဆင့် ဌာနများအား အဓိထား<br>မှတ်ချက်- ဒေသတစ်ခုတွင် မြို့နယ်(၃)ခု | ၂၄ (၁၂ x ၂) |
| **အဓိကသတင်းအချက်အလက် ပေးနိုင်သူများနှင့် တွေ့ဆုံမေးမြန်းမှုများ** | ကျေးရွာအုပ်စုခေါင်းဆောင် (၁၈)ဦး၊ သားဖွားဆရာမ (၁၈)ဦး<br>မှတ်ချက် - တစ်မြို့နယ်လျှင် (၃)ရွာ | ၃၆ (၁၈ x၂) |
| **ဦးတည်အုပ်စုများအား တွေ့ဆုံမေးမြန်းခြင်း** | ဦးတည်အုပ်စု ၁ - ကျေးရွာအမျိုးသမီးအုပ်စု (၁၈) စု<br>ဦးတည်အုပ်စု ၂ - ကျေးရွာရှိလူစုံပါဝင်သောအုပ်စု (၁၈) စု<br>မှတ်ချက် - တစ်မြို့နယ်လျှင် (၃)ရွာ | ၃၆ (၁၈ x၂) |
| **အိမ်ထောင်စုများအား တွေ့ဆုံမေးမြန်းခြင်း** | ကျေးရွာများ - အသက်(၂)နှစ်အောက်ကလေးရှိသော မိသားစုများနှင့် ကိုယ်ဝန်ဆောင်ရှိသော မိသားစုများအား အဓိကထား၊ စီးပွားရေးအခြေအနေ၊ လူမျိုးစု၊ ကျေးရွာ/မြို့မှ အကွာအဝေး<br>မှတ်ချက် - တစ်ရွာလျှင် ၃ အိမ်ထောင်စု | ၇၂ (၂၇x၂) |
| **အခြားဆွေးနွေးမှုများ** | သက်ဆိုင်ရာနယ်မြေအလိုက် အကြောင်းအရာများ အပေါ် မူတည်၍ ထိုအချက်သည် ပြင်လွယ်ပြောင်းလွယ်ရှိပြီး စောင့်ကြည့်မှုနှင့် တွေ့ဆုံမေးမြန်းသူ၏ ဆုံးဖြတ်ချက်အပေါ် မူတည်ပါသည်။<br>မှတ်ချက် - တစ်ရွာ တစ်ခု<br>(နိုင်ငံတကာအဖွဲ့အစည်းများ၊ အရပ်ဖက်အဖွဲ့အစည်းများ၊ လူမျိုးစုများ) | ၁၈ (၉ x ၂) |
| **စုစုပေါင်း** | | ၁၈၆ |

## တွေ့ဆုံမေးမြန်းခဲ့သူများ

| မြို့နယ် | ဆက်စပ်ဌာနများနှင့် တစ်စိတ်တစ်ပိုင်း ပုံစံပြုထားသော တွေ့ဆုံမေးမြန်းခြင်း | သတင်းအချက်အလက် အဓိက ပေးနိုင်သူများနှင့် တွေ့ဆုံ မေးမြန်းခြင်း | ဦးတည်အုပ်စုများဖြင့် တွေ့ဆုံမေးမြန်းခြင်း | အိမ်ထောင်စု | ကျား | မ | မျိုးနွယ်စု | | | | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | | | ဗမာ | ကရင် | ချင်း | ပအိုဝ် | ရှမ်း | နီပေါ | အခါ | လားဟူ | ရခိုင် | လီဆူး | အမ်း | ရောနှော |
| **ဧရာဝတီ** | | | | | | | | | | | | | | | | | | |
| ပုသိမ် | ၂ | | | | ၄ | ၂ | ၆ | | | | | | | | | | | |
| ချောင်းသာ မြို့နယ်ခွဲ | ၃ | ၂ | ၇ | ၁၁ | ၂၇ | ၄၄ | ၅၉ | | | | | | | | ၁ | | | ၁ |
| လပွတ္တာ | ၄ | ၄ | ၇ | ၉ | ၁၃ | ၃၅ | ၄၃ | ၃ | | | | | | | ၁ | | | ၁ |
| ကြံခင်း | ၃ | ၆ | ၆ | ၉ | ၂၈ | ၃၂ | ၅၉ | ၁ | ၁ | | | | | | | | | |
| **ရှမ်း** | | | | | | | | | | | | | | | | | | |
| တောင်ကြီး | ၂ | | | | ၁ | ၂ | ၁ | | | | ၁ | | | | | | | |
| ဟိုပန် | ၃ | ၃ | ၆ | ၈ | ၁၅ | ၃၈ | ၅ | | | ၄၅ | ၁ | ၁ | | | | | | ၁ |
| ကျိုင်းတုံ | ၃ | ၄ | ၆ | ၁၁ | ၃၇ | ၆၀ | ၁ | | | | ၂၀ | | ၄ | ၅၄ | | | ၁၈ | |
| လားရှိုး | ၆ | ၃ | ၀ | ၆ | ၇ | ၇ | ၄ | | | | ၅ | | | | | ၁ | | |
| စုစုပေါင်း | ၂၆ | ၂၂ | ၃၁ | ၅၃ | ၁၃၂ | ၂၂၀ | ၁၇၈ | ၄ | ၁ | ၄၅ | ၂၇ | ၁ | ၄ | ၅၄ | ၂ | ၁ | ၁၈ | ၃ |

## ရပ်ရွာလူထုပါဝင်ဆောင်ရွက်မှုအစီအစဉ်အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ

ရပ်ရွာလူထုပါဝင်ဆောင်ရွက်မှုအစီအစဉ်တွင် အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များနှင့် စီစဉ်ဆောင်ရွက်ထားမှုများကို ဖော်ပြထားပါသည်။

- ရပ်ရွာလူထုများအား ပူးပေါင်းပါဝင်စေပြီး စီမံကိန်း၏ဘေးအန္တရာယ်များကို လျှော့ချကာ တိုင်းရင်းသားလူနည်းစုများ၏အခြေအနေနှင့် အံဝင်ခွင်ကျသောလုပ်ငန်းများဆောင်ရွက်ရန်
- ထိခိုက်လွယ်သောအုပ်စုဝင်များဖြစ်သည့် တိုင်းရင်းသားလူနည်းစုများ၊ ရွှေ့ပြောင်းနေထိုင်သူများ၊ မြို့ပြမှချို့တဲ့နွမ်းပါးသူများ၊ ဝေးလံခေါင်ဖျားဒေသမှ အိမ်ထောင်စုများ၊ တစ်ကိုယ်ရည်မိခင်များ၊ ရင်ခွင်မဲ့ကလေးငယ်များ၊ မသန်စွမ်းကလေးငယ်များရှိသည့်မိသားစုများ၊ မိသားစုဝင်များ နှင့် အိမ်ထောင်စုများမှ ကျား/မအခြေပြုအကြမ်းဖက်မှုနှင့် လိင်အကြမ်းဖက်မှု ကြုံခဲ့ရသူများအား စီမံကိန်းတွင်ပိုမိုပါဝင်လာစေရန်

ဤသို့ဆောင်ရွက်နိုင်ရန်လိုအပ်ချက်များမှာ

- လူမှုဝန်ထမ်းဦးစီးဌာန၏ စီးပွားရေးနှင့် ပထဝီဝင်ဝိသေသလက္ခဏာများအရ ကြုံတွေ့နေရသော အတားအဆီးများနှင့် ဘာသာစကားနှင့်ယဉ်ကျေးမှုအတားအဆီးများကို ဖြေရှင်းနိုင်ရန်အတွက် လူမှုဝန်ထမ်းဦးစီးဌာန၏ ပံ့ပိုးမှုစနစ်နှင့် ဖြေရှင်းချက်များတွင် ပါဝင်ဆောင်ရွက်ချဉ်းကပ်မှုနည်းလမ်းများကို မြှင့်တင်ရန်
- အခြားသောကျန်းမာရေးဝန်ဆောင်မှုများဖြစ်သည့် ပြည်နယ်များတွင် ဝန်ဆောင်မှုများပေးနေသော တိုင်းရင်းသားလူနည်းစုအဖွဲ့အစည်းများ၊ နိုင်ငံတကာအစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် ပုဂ္ဂလိကကျန်းမာရေးဝန်ဆောင်မှုလုပ်ငန်းများနှင့် ချိတ်ဆက်ရန်

## တိုင်ပင်ဆွေးနွေးခြင်းမူဘောင်

ဤမူဘောင်မှ အောက်ပါတို့ကို သေချာစွာဆောင်ရွက်နိုင်ရန် ယထာဘူတကျသော လုပ်ငန်းစဉ်များ ချမှတ်ထားပါသည်။

- စီမံကိန်းလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နေစဉ် ကာလတစ်လျှောက်လုံး စီမံကိန်းအကျိုးခံစားရမည့်သူများနှင့် အလွတ်သဘော၊ ကြိုတင်အသိပေးထားသော ဆွေးနွေးတိုင်ပင်မှုများ ဆောင်ရွက်ရန် နှင့် ထိုသူတို့အား အသိပေးပူးပေါင်းပါဝင်စေရန်
- စီမံကိန်းလေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းတို့တွင် ပူးပေါင်းပါဝင်နိုင်အောင် အစီအစဉ်များပြုလုပ်ရန်
- အများစုသော တိုင်းရင်းသားလူနည်းစုများ၏ ထောက်ခံမှုကိုရယူရန်
- တိုင်းရင်းသားလူနည်းစုများ၊ ထိခိုက်လွယ်သောအုပ်စုဝင်အိမ်ထောင်စုများနှင့် လမ်းပန်းဆက်သွယ်ရေးခက်ခဲသော ဝေးလံခေါင်ဖျားဒေသမှ အိမ်ထောင်စုများအတွက် နေရာဒေသအလိုက် ရပ်ရွာလူထုပါဝင်ဆောင်ရွက်မှုအစီအစဉ်များကို စီမံကိန်းလုပ်ငန်းဆောင်ရွက်နေစဉ်အတွင်း မှတ်တမ်းတင်ရန်
- အမျိုးသားအဆင့် ကိုယ်ဝန်ဆောင်မိခင်များနှင့် ၎င်းတို့မှမွေးဖွားလာသော အသက် ၂ နှစ်အောက် ကလေးသူငယ်များအား ငွေကြေးထောက်ပံ့မှုအတွက် လက်ရှိအထောက်အပံ့ပေးနေသောစနစ်တွင် ဆွေးနွေးတိုင်ပင်ခြင်းမူဘောင်ကိုထည့်သွင်းပြီး အဆိုပါစနစ်အား စီမံကိန်းဆောင်ရွက်နေစဉ် ကာလတစ်လျှောက်လုံး မြှင့်တင်ခြင်းနှင့် ပြင်ဆင်ခြင်းများ ပြုလုပ်သွားရန်

# ရပ်ရွာလူထုအစီအစဉ်

ရပ်ရွာလူထုအစီအစဉ်ပုံစံမှာ စီမံကိန်းအကျိုးခံစားရမည့် တိုင်းရင်းသားလူနည်းစုများ၊ ထိခိုက်လွယ် အုပ်စုဝင်များနှင့် ဝေးလံခေါင်ဖျားကျေးရွာအုပ်စုများမှ အိမ်ထောင်စုများသည် စီမံကိန်း၏ မိခင်နှင့် ကလေးငွေကြေးထောက်ပံ့မှုမှ အကျိုးများကို ခံစားရမည်ဖြစ်ပြီး ၎င်းအကျိုးများမှာ-

- ကာလံဒေသံကိုက်ညီမှုရှိခြင်း အပါအဝင် လိုအပ်ပါက တိုင်းရင်းသားလူနည်းစုများ၏ အရေးကိစ္စများကို တာဝန်ယူဆောင်ရွက်ပေးနေသည့် အဖွဲ့အစည်းများ၏စွမ်းရည်ကို မြှင့်တင်ပေးခြင်း
- လုပ်ငန်းစဉ်များကို သက်ဆိုင်ရာအောက်ခြေအဖွဲ့အစည်းများ လုပ်ငန်းဖော်ဆောင်မည့် အဖွဲ့အစည်းများနှင့် အလွတ်သဘော၊ ကြိုတင်အကြောင်းကြားထားသော ဆွေးနွေးညှိနှိုင်းခြင်းများမှ သဘောတူညီမှုများ ရယူခြင်း
- တိုင်းရင်းသားလူနည်းစုများအပေါ်သို့ စီမံကိန်းမှ ဆိုးရွားသောအကျိုး သက်ရောက်နိုင်သည့် အလားအလာများ တွေ့ရှိရပါက အဆိုပါအကျိုးသက်ရောက်မှုများကို ရှောင်ရှားရန်၊ လျှော့ချရန်နှင့် ဖြတ်ကျော်သွားရန် သို့မဟုတ် အစားထိုးပေးမည့် အစီအစဉ်များ ရေးဆွဲခြင်း
- ဆိုးရွားသောအကျိုးသက်ရောက်မှုကို လျှော့ချရန် သို့မဟုတ် အစားထိုးရန် စသည့် လုပ်ဆောင်မှုများအပြင် ကာကွယ်မှုလုပ်ဆောင်ချက်များကို အခါအခွင့်သင့်တိုင်း လုပ်ဆောင်သွားရန် တိုက်တွန်းခြင်း။

မြို့နယ်အဆင့် လူမှုဝန်ထမ်းဦးစီးဌာနဝန်ထမ်း၏ လမ်းညွှန်မှုနှင့် ပံ့ပိုးကူညီဆောင်ရွက်ပေးမှုဖြင့် ရပ်ရွာလူထုအစီအစဉ်များကို ကျေးရွာအုပ်စုအဆင့်တွင်ရှိသော လူမှုကာကွယ်စောင့်ရှောက်ရေးကော်မတီများမှ ရေးဆွဲမှုကို ပြင်ဆင်ဆောင်ရွက်သွားပါမည်။

## ရပ်ရွာလူထုအစီအစဉ်မှအဓိကအချက်များ

| တိုင်းရင်းသားလူနည်းစု/ထိခိုက်လွယ်အုပ်စုဝင်များ | ကာလံဒေသံနှင့် ကိုက်ညီဆီလျော်သော လုပ်ငန်းစဉ်များ | တာဝန်ရှိအဖွဲ့အစည်း/ အောက်ခြေအဖွဲ့အစည်း နှင့် စွမ်းရည် |
|---|---|---|
| တိုင်းရင်းသားလူနည်းစုများ | ▪ ကာလံဒေသံနှင့် ဆီလျော်သော အစီအစဉ်ရေးဆွဲခြင်း လုပ်ငန်းစဉ်<br>▪ ကာလံဒေသံနှင့် ဆီလျော်သော ဆက်သွယ်ဆောင်ရွက်မှု<br>▪ ကာလံဒေသံနှင့် ဆီလျော်သော စွမ်းရည်မြှင့်တင်မှု | လူမှုဝန်ထမ်းဦးစီးဌာနမှ တိုင်းရင်းသားအဖွဲ့အစည်းများနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်ပြီး အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ နှင့် စေတနာ့ဝန်ထမ်းများ/ ကော်မတီများကို ပံ့ပိုးကူညီသွားမည်။<br>လက်ရှိ ရှိနေသော စွမ်းရည်ကို ဦးစွာလေ့လာအကဲဖြတ်ပြီးမှသာ ကူညီထောက်ပံ့မှုများ လုပ်ဆောင်သွားပါမည်။ |
| ရွှေ့ပြောင်းနေသူများ/ မိသားစုများ | ▪ စီမံကိန်းရေးဆွဲခြင်း လုပ်ငန်းစဉ်တွင် ပါဝင်ရန် | စီမံကိန်း ဦးတည်ရပ်ရွာများတွင် ရွှေ့ပြောင်းသူနှင့်ဆိုင်သော လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကျေးရွာမှ စေတနာ့လူမှုရေးလုပ်သားများ၊ အရပ်ဖက်လူမှု |

| | | |
|---|---|---|
| | ▪ ဆက်သွယ်ဆောင်ရွက်ခြင်းနှင့် အစည်းအဝေးတိုင်းတွင် ပါဝင်စေရန်<br>▪ စွမ်းရည်မြှင့်တင်ရေး လုပ်ငန်းစဉ် အကျိုးကို ခံစားရစေရန် | အဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြု အဖွဲ့အစည်းများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သက်ဆိုင်သော ကော်မတီများ။<br>လက်ရှိ ရှိနေသော စွမ်းရည်ကို ဦးစွာ လေ့လာအကဲဖြတ်ပြီးမှသာ ကူညီ ထောက်ပံ့မှုများ လုပ်ဆောင်သွားပါ မည်။ |
| ချို့တဲ့နွမ်းပါးသော မိသားစုများ | ▪ စီမံကိန်းရေးဆွဲရာတွင် ပါဝင်စေ ရန်<br>▪ မိခင်နှင့်ကလေး ငွေကြေး ထောက်ပံ့မှုအစီအစဉ်နှင့် ပတ် သက်သော လုပ်ငန်းစဉ်များတွင် ပါဝင်လာစေရန် ပံ့ပိုးပေးခြင်း<br>▪ စွမ်းရည်မြှင့်တင်ခြင်း လုပ်ငန်း များကို လိုအပ်ချက်နှင့်ကိုက်ညီ အောင် ပြင်ဆင်ဆောင်ရွက်ပြီး သင့်လျော်သော ချိးမြှင့်မှုများ ဖြင့် ပါဝင်လာစေရန် | စီမံကိန်း ဦးတည်ရပ်ရွာများတွင် ရွှေ့ ပြောင်းသူနှင့်ဆိုင်သော လူမှုဝန်ထမ်း ဦးစီးဌာနနှင့် ကျေးရွာမှ စေတနာ့ လူမှုရေးလုပ်သားများ၊ အရပ်ဖက် လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေ ပြုအဖွဲ့အစည်းများ၊ အစိုးရမဟုတ် သောအဖွဲ့အစည်းများနှင့် သက်ဆိုင် သောကော်မတီများ။<br>လက်ရှိ ရှိနေသော စွမ်းရည်ကို ဦးစွာ လေ့လာအကဲဖြတ်ပြီးမှသာ ကူညီ ထောက်ပံ့မှုများ လုပ်ဆောင်သွားပါ မည်။ |

| | | |
|---|---|---|
| ဝေးလံခေါင်ဖျား ဒေသမှလူထုများ | ▪ စီမံကိန်းရေးဆွဲရာတွင် ဝေးလံခေါင်ဖျားမှုကို ထည့်သွင်းစဉ်းစားရန်<br>▪ ဝေးလံခေါင်ဖျားပြီး လက်လှမ်းမမီမှုကို တားဆီးနိုင်ရန် စီမံကိန်းလွှမ်းခြုံမှုပုံစံ<br>▪ ခရီးသွားလာချိန် လျှော့ချနိုင်ရန် အတွက် မိခင်နှင့်ကလေး ငွေကြေးထောက်ပံ့မှုအား ပံ့ပိုးပေးခြင်း<br>▪ ဗဟိုချုပ်ကိုင်မှု လျော့နည်းသော နည်းလမ်းများကို မြှင့်တင်ပေးခြင်း | စီမံကိန်း ဦးတည်ရပ်ရွာများတွင် ရွှေ့ပြောင်းသူနှင့်ဆိုင်သော လူမှုဝန်ထမ်းဦးစီးဌာနနှင့် ကျေးရွာမှ စေတနာ့လူမှုရေးလုပ်သားများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများနှင့် သက်ဆိုင်သောကော်မတီများ။<br>လက်ရှိ ရှိနေသော စွမ်းရည်ကို ဦးစွာလေ့လာအကဲဖြတ်ပြီးမှသာ ကူညီထောက်ပံ့မှုများ လုပ်ဆောင်သွားပါမည်။ |
| တစ်ကိုယ်ရေမိခင် များ | • စီမံကိန်းရေးဆွဲရာတွင် ပါဝင်စေခြင်း<br>• တန်းတူဆက်ဆံပြီး နှိမ်ချဆက်ဆံခြင်းကို လျော့ချရန်<br>• မိခင်နှင့်ကလေးငွေကြေးထောက်ပံ့မှု အစီအစဉ်တွင် မိသားစုအရေးကိစ္စများ စဉ်းစားရန် | စီမံကိန်း ဦးတည်ရပ်ရွာများတွင် ရွှေ့ပြောင်းသူနှင့်ဆိုင်သော လူမှုဝန် ထမ်းဦးစီးဌာနနှင့် ကျေးရွာမှ စေတနာ့လူမှုရေးလုပ်သားများ၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ၊ ရပ်ရွာအခြေပြုအဖွဲ့အစည်းများ၊<br>အစိုးရမဟုတ်သော အဖွဲ့အစည်း |

| | | |
|---|---|---|
| | | များနှင့် သက်ဆိုင်သောကော်မတီများ။<br>လက်ရှိ ရှိနေသော စွမ်းရည်ကို ဦးစွာလေ့လာအကဲဖြတ်ပြီးမှသာ ကူညီထောက်ပံ့မှုများ လုပ်ဆောင်သွားပါမည်။ |

## မကျေနပ်မှုများဖြေရှင်းခြင်း

စီမံကိန်းနှင့်ပတ်သက်သော မကျေနပ်ချက်များအား ဖြေရှင်းခြင်း သို့မဟုတ် စီမံကိန်းအပေါ် တုံ့ပြန်မှုယန္တရားများ ထားရှိပြီး

- စီမံကိန်းအနေဖြင့် လုပ်ငန်းစဉ်များအား ပွင့်လင်းမြင်သာပြီး တာဝန်ယူမှုရှိစွာဖြင့် ဆောင်ရွက်နေသောကြောင့် လူနည်းစုတိုင်းရင်းသားများ၊ ချို့တဲ့နွမ်းပါးသူများနှင့် ဘေးဖယ်ခံထားရသူများနှင့် အခြားသတ်မှတ်ထားသည့် ထိခိုက်လွယ်အုပ်စုဝင်များ၏ အသံများကို နားထောင်ပြီး စီမံကိန်းလုပ်ငန်းများအပေါ် တုံ့ပြန်လာမှုကို ထိထိရောက်ရောက်နှင့် အမြန်ဆုံး ဖြေရှင်းပေးနိုင်ရန်
- မကျေနပ်ချက်များအားဖြေရှင်းခြင်းစံတစ်ခုကို ပုံသေသတ်မှတ်ရန် အားလုံးသဘောတူပြီး အဆိုပါ သဘောတူထားသော မကျေနပ်ချက်များဖြေရှင်းခြင်းယန္တရား/စနစ်ကို စီမံကိန်း၏ လုပ်ငန်းဆောင်ရွက်မှုလက်စွဲတွင် ထည့်သွင်းရန်
- မကျေနပ်မှုများဖြေရှင်းခြင်းစနစ်တွင် မကျေနပ်ချက်များကို လက်ခံနိုင်မည့် လမ်းကြောင်းများစွာနှင့် လက်ခံနေရာများ ထားရှိရန်
- မကျေနပ်ချက်များဖြေရှင်းခြင်းစနစ်တွင် မကျေနပ်ချက်များအားလက်ခံခြင်း၊ စိစစ်ခွဲခြားပြီး လုပ်ငန်းစဉ်အလိုက် လုပ်ဆောင်ခြင်း၊ လက်ခံရရှိကြောင်းအသိအမှတ်ပြုပြီး နောက်ဆက်တွဲလုပ်ဆောင်မှုများဖြစ်သည့် စိစစ်အတည်ပြုခြင်း နှင့် အရေးယူခြင်း၊ စောင့်ကြည့်လေ့လာခြင်း နှင့် အကဲဖြတ်ခြင်း နှင့် နောက်ဆုံးပြန်လည်တုံ့ပြန်ခြင်း စသည့် ကွင်းဆက်လုပ်ငန်းစဉ်များ ပါရှိရန်
- မကျေနပ်ချက်များဖြေရှင်းခြင်းလုပ်ငန်းစဉ်ကို ပြည်ထောင်စု၊ ပြည်နယ်/တိုင်းဒေသကြီး၊ မြို့နယ်နှင့် ကျေးရွာအုပ်စုများ စသည့်အဆင့်များတွင် လူမှုဝန်ထမ်းဦးစီးဌာနမှ တာဝန်ယူ

ဆောင်ရွက်ပြီး မကျေနပ်ချက်များဖြေရှင်းရန် တာဝန်ယူထားသူများမှလည်း လူမှုဝန်ထမ်း ဦးစီးဌာနကို ကူညီပံ့ပိုးပေးပြီး အဆိုပါစနစ်အား လည်ပတ်ရန်

- မကျေနပ်မှုများဖြေရှင်းခြင်းစနစ် နှင့် ဝန်ထမ်းခန့်အပ်ခြင်း နှင့် ၎င်းတို့၏တာဝန်ဝတ္တရားများ အပါအဝင် လိုအပ်ချက်များကို လုပ်ငန်းဆောင်ရွက်မှုလက်စွဲတွင် သတ်မှတ်ဖော်ပြရန်

## ရပ်ရွာလူထုပါဝင်ဆောင်ရွက်မှုအစီအစဉ်အား စောင့်ကြည့်ခြင်းယန္တရား

ရပ်ရွာလူထုပါဝင်ဆောင်ရွက်မှုအစီအစဉ်အား အကောင်အထည်ဖေါ်ရာတွင် စီမံကိန်းအား စောင့်ကြည့်လေ့လာအကဲဖြတ်ခြင်းနှင့် အစီရင်ခံခြင်းယန္တရားများ နှင့် သင့်လျော်သော သတ်မှတ်ချက်များ ချမှတ်ရာ၌-

- စီမံကိန်းဦးတည်လူထုများအနေဖြင့် အလွတ်သဘော၊ ကြိုတင်ပြင်ဆင်ထားသော ဆွေးနွေးညှိနှိုင်းမှုများတွင် ပါဝင်လာစေရန် စီစဉ်ဆောင်ရွက်ခြင်း

ခိုင်မာသောစောင့်ကြည့်လေ့လာခြင်းနှင့် အကဲဖြတ်ခြင်းစနစ်တစ်ခုကို ပူးပေါင်းတည်ထောင်ပြီး-

- စီမံကိန်းရေးဆွဲရေးလုပ်ငန်းစဉ်တွင် ပူးပေါင်းပါဝင်မှုရှိစေရန် ပံ့ပိုးပေးခြင်း
- မည်သည့်နေရာဒေသ၊ တိုင်းရင်းသားလူမျိုးနှင့် လူမှုရေးအခြေအနေအတွက်မဆို ဦးတည်အုပ်စုများနှင့် အလွတ်သဘော၊ကြိုတင်စီစဉ်ဆောင်ရွက်သော ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခြင်းကို အာမခံထားရန်
- ပါဝင်ဆောင်ရွက်မှုအစီအစဉ်အရ အချိန်မီထိရောက်သော လုပ်ငန်းဆောင်ရွက်မှုများပြုလုပ်နိုင်ရန် စောင့်ကြည့်ပြီး လိုအပ်ပါက စီမံကိန်းနှင့် ပတ်သက်ဆက်စပ်သူများအားလုံးပါဝင်ဆောင်ရွက်ခဲ့သော ဆန်းစစ်လေ့လာချက်များအပေါ် အခြေခံ၍ စီမံကိန်းလုပ်ငန်းစဉ်များအား နှစ်လည်ပြင်ဆင်ခြင်း ပြုလုပ်ရန်
- စီမံကိန်းတွင်ပါဝင်ပက်သက်ဆက်စပ်သူများနှင့် ပုံမှန်ဆွေးနွေးညှိနှိုင်းမှုများပြုလုပ်ခြင်းမှတဆင့် စီမံကိန်းရည်မှန်းချက်များ ပြည့်မီမှုရှိ/မရှိတိုင်းတာခြင်းနှင့် နောင်အနာဂတ် စီမံကိန်းများအတွက် သင်ခန်းစာများ သင်ယူခြင်း

လူမှုဝန်ထမ်းဦးစီးဌာနမှ ရပ်ရွာလူထုပါဝင်ဆောင်ရွက်မှုအစီအစဉ်များ အကောင်အထည်ဖော်ရေးနှင့် စောင့်ကြည့်လေ့လာခြင်းကို ပံ့ပိုးကူညီပေးသွားပါမည်။

## စီမံကိန်း အကောင်အထည်ဖော်ဆောင်နိုင်မှုအတွက် စီစဉ်ဆောင်ရွက်ထားမှုများ

စီမံကိန်းအား အကောင်အထည်ဖော်ဆောင်ရွက်မည့် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် အောက်ပါအချက်များကို တာဝန်ယူပါမည်-

- စီမံကိန်း အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် ကြီးကြပ်ရေးနှင့်ညှိနှိုင်းပေးရေး တာဝန်များနှင့် မိခင်နှင့်ကလေးငွေကြေးထောက်ပံ့မှုအစီအစဉ်၏ လုပ်ငန်းတိုးတက်မှုများနှင့် အလုံးစုံရည်မှန်းချက်သို့ ရောက်ရှိခြင်း ရှိ/မရှိကို စောင့်ကြည့်လေ့လာရန်
- ရပ်ရွာလူထုပါဝင်ဆောင်ရွက်မှုအစီအစဉ်တွင် တိုင်းရင်းသားလူနည်းစုများနှင့် အခြားသော ထိခိုက်လွယ်အုပ်စုဝင်များ ပူးပေါင်းပါဝင်မှုရှိစေရန် လုပ်ငန်းအကောင်အထည်ဖော်ရေးတွင် စီစဉ်မှုများ ပြုလုပ်ရန်
- စီမံကိန်း၏ နေ့တဓူဝလုပ်ငန်းဆောင်ရွက်မှုများကို ပြည်နယ်နှင့်တိုင်းများရှိ လူမှုဝန်ထမ်း ဦးစီးဌာနရုံးအသီးသီးမှ တာဝန်ယူဆောင်ရွက်မည်ဖြစ်ပြီး ၎င်းတို့၏ စွမ်းရည်မြင့်မားလာစေရေး ဤစီမံကိန်းမှ လုပ်ဆောင်သွားရန်
- ပြည်ထောင်စုအဆင့် လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် စီမံကိန်း၏ အုပ်ချုပ်မှုပိုင်းကို တာဝန်ယူသွားရန်
- လူမှုဝန်ထမ်းဦးစီးဌာနအနေဖြင့် လက်ရှိတွင် ပြည်ထောင်စုအဆင့်ရုံးတစ်ရုံး၊ ပြည်နယ်/တိုင်း ဒေသကြီးမြို့တော်များတွင် ရုံးခွဲများနှင့် ပြည်နယ်နှင့်တိုင်းတစ်ခုချင်းစီတွင် ခရိုင်အဆင့်ရုံး ၂ ရုံးစီရှိပြီး ဝန်ထမ်းအင်အားစုစုပေါင်း ၂၉၀၀ ရှိပါသည်။ ဝန်ထမ်းများ၏ ၉၀%မှာ အမျိုးသမီးများ ဖြစ်ပါသည်။
- ဌာနအနေဖြင့် မြို့နယ်အဆင့်တွင် ရုံးတည်ရှိမှုမှာ ယနေ့အချိန်အထိ အကန့်အသတ်ရှိနေပြီး မည်သို့ပင်ဆိုစေကာမူ အဆိုပါအကြောင်းအချက်များသည် ကမ္ဘာ့ဘဏ်မှ ငွေကြေးထောက်

ပံ့ပေးမည့် မိခင်နှင့်ကလေးငွေကြေးထောက်ပံ့မှုအစီအစဉ် အကောင်အထည်ဖော်နိုင်ရေး တွင် ရှိနေသော နဂိုမူလအခြေအနေများ ဖြစ်ပါသည်။

## မေးခွန်း၊ မှတ်ချက်နှင့် အကြံပြုချက်များ